MAPCO
Myanmar Agribusiness Public Corporation Limited
E-newsletter
Issue 01, 2018 (May)
www.mapco.com.mm

ပထမအကြိမ်ထုတ်ဝေသော E-newsletter ဖြစ်ပါသည်။ နောက်နောင်တွင် လစဉ်ပြုစု ထုတ်ဝေသွားမည်ဖြစ်ပါသည်။ ယခုထက် ပိုမိုကောင်းမွန်စွာ တင်ပြနိုင်ရေးနှင့် ပိုမိုပြည့်စုံစွာ ဖော်ပြနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အကြံပြုချက်များရှိပါက (သို့) E-newsletter ကို ရယူလိုပါက admin@mapco-ygn.com သို့ ဆက်သွယ်နိုင်ပါသည်။

## မြောင်းမြဂုန်နီစက်ရုံတွင် လယ်ယာကဏ္ဍအခြေခံစက်မှုဇုန် ဖော်ဆောင်ရေးစီမံကိန်း

MAPCO မှ Developer အဖြစ်ဆောင်ရွက်မည့် မြောင်းမြဂုန်နီစက်ရုံ၏ မြေလွတ်ဧရိယာ (၃၃၄.၇၂) ဧကတွင် လယ်ယာကဏ္ဍအခြေခံစက်မှုဇုန် ဖော်ဆောင်ရေးစီမံကိန်းများအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ကန့်ကွက်ရန်မရှိကြောင်း MIC သို့ သဘောထားမှတ်ချက်ပေးပြီးဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သဘောထားမှတ်ချက်ကို သတ်မှတ်သည့် ရက်ပေါင်း(၆၀)အတွင်း ပြန်ကြားလာခြင်းမရှိ၍ ဝန်ကြီးဌာန၊ MIC တို့နှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မြောင်းမြမြို့သို့ လာရောက်ခြင်း





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည်(၁၀.၄.၂၀၁၈)နေ့တွင် မြောင်းမြမြို့သို့ရောက်ရှိခဲ့ပြီး၊ မြောင်းမြတံတားတည်ဆောက်ရေးကိစ္စအပါအဝင် ဒေသဖွံ့ဖြိုးရေးကိစ္စများ၊ ငြိမ်းချမ်းရေးကိစ္စများကို ဆွေးနွေးခဲ့ပါသည်။ အုပ်ချုပ်မှုဒါရိုက်တာမှ မြောင်းမြဂုန်နီစက်ရုံ (လေယာဉ်ဆင်းသက်ရာနေရာ) မှ သွားရောက်ကြိုဆိုခဲ့ပြီး သူနာပြုသင်တန်းကျောင်း တည်ဆောက်ရေးကိစ္စ၊ မြောင်းမြစီမံကိန်းကိစ္စများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

## ပြောင်းဖူးနှင့် နာနတ်သီးများ တန်ဖိုးမြှင့်ထုတ်လုပ်မည့်ကိစ္စများ ဆွေးနွေးခြင်း

ထိုင်းနိုင်ငံ V&K Co.,Ltd နှင့် အကျိုးတူပူးပေါင်း၍ နေပြည်တော်ကောင်စီနယ်မြေတွင် ပြောင်းဖူးစိုက်ပျိုးခြင်းနှင့် အဆင့်မြင့်ထုတ်ပိုးပြင်ဆင်ထုတ်လုပ်ရေးစက်ရုံစီမံကိန်းနှင့် SAMROIYOD Corporation Ltd (SRY) နှင့် တနင်္သာရီတိုင်းဒေသကြီး ထီးခီး(သို့) သဲဖြူဒေသတို့တွင် နာနတ်သီးစိုက်ပျိုးခြင်းနှင့် အဆင့်မြင့်စည်သွပ်စက်ရုံစီမံကိန်းများအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် Business Plan ၊ Investment Plan တို့ကိုညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။



၂၆.၄.၂၀၁၈ ခုနှစ်

## သီလဝါအကွက်အမှတ်(၂၇)၊ (၂၈)နှင့် (၂၉)တို့ ပူးပေါင်းထားသည့် MAAT နှင့် Posco Daewoo တို့ MOU ရေးထိုးခြင်း







Myanmar Agribusiness Public Corporation Co.,Ltd (MAPCO)၊ Myanmar Edible Oil Industrial Corporation Co.,Ltd (MEICO)၊ Myanmar Agricultural General Development Public Co.,Ltd (MAGDP) တို့ ပူးပေါင်းပါဝင်သော Myanmar Agro Alliance Terminal Co.,Ltd (MATT) သည် ကိုရီးယားနိုင်ငံ အခြေစိုက် POSCO DAEWOO ကုမ္ပဏီနှင့်ပူးပေါင်း၍ သီလဝါအကွက် ၂၇၊၂၈၊၂၉ တွင်ဆိပ်ကမ်းလုပ်ငန်း၊ အခြားစီးပွားရေးလုပ်ငန်းများအား ပူးပေါင်းလေ့လာသည့် Feasibility Study ပြုလုပ်ရန် (၁၆.၃.၂၀၁၈)ရက်နေ့၊ Lotte Hotel တွင် (၃)ပွင့်ဆိုင် MOU လက်မှတ်ရေးထိုးခဲ့ပါသည်။

## သီလဝါအကွက်အမှတ်(၂၈)စီမံကိန်းတွင် LNG, LPG လုပ်ငန်းဆောင်ရွက်ရန် မဖြစ်သဖြင့် အခြားအကွက်အမှတ်(၁၉)သို့ ပြောင်းလဲရန် MIC မှ အကြံပြု

MAPCO သည် သီလဝါအကွက်အမှတ်(၂၈)ကို ယခင်တင်ပြခဲ့သည့် သီးနှံသိုလှောင်ရုံဆိပ်ကမ်းစီမံကိန်းမှ LNG သုံး လျှပ်စစ်ဓါတ်အား ပေးစက်ရုံစီမံကိန်းသို့ ပြောင်းလဲဆောင်ရွက်ရန် လေ့လာသုံးသပ်နေသဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းတူများနှင့် အနီးစပ်ဆုံးနေရာဖြစ်သည့် အကွက်အမှတ်(၁၉)သို့ လဲလှယ်ညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပြန်ကြားစာရရှိခဲ့ပါသည်။ အဆိုပါကိစ္စအပေါ် MAPCO အနေဖြင့် အထူးဦးစားပေးလေ့လာသုံးသပ်နေပြီး အကွက်(၁၉)နှင့်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ LNG, LPG လုပ်ငန်းများသည် ပိုမိုတွက်ချေကိုက် အကျိုးစီးပွားဖြစ်နိုင်မှုရှိပါက MAPCO အနေဖြင့် အဆိုပါလုပ်ငန်းများဆောင်ရွက်ရန် ဝန်ကြီးဌာနနှင့် MOU လက်မှတ်ရေးထိုးထားသော ဂျပန်နိုင်ငံမှ Marubeni Corporation ၊ မြန်မာနိုင်ငံမှ Eden Group တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ဖွဲ့နယ်ဆီစက်ရုံစီမံကိန်း



MAPCO မှ ကျိုက်လတ်နှင့် မြောင်းမြမြို့နယ်တို့တွင် တည်ဆောက်မည့်ဖွဲနုဆီကြမ်း စက်ရုံစီမံကိန်းအတွက် အကျိုးတူရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသော Navadurga Enterprises Pvt Ltd, India မှ တာဝန်ရှိသူများနှင့်အတူ စီမံကိန်းအကြိုလုပ်ငန်းများဖြစ်သည့် အရည် အသွေးပြည့်မီ ဖွဲနုကုန်ကြမ်းစုဆောင်းရရှိနိုင်မှု အခြေအနေ၊ သယ်ယူပို့ဆောင်ရေးလမ်း ကြောင်းအခြေအနေများအား ဖျာပုံ၊ ကျိုက်လတ်မြို့နယ်များရှိ ဆန်စက်များသို့ ကွင်းဆင်း လေ့လာမှုများဆောင်ရွက်ခဲ့ပါသည်။ Navadurga Enterprises Pvt Ltd, India နှင့် MAPCO တို့သည် ဖွဲနုဆီစီမံကိန်း အတွက် "Feasibility study" ပူးပေါင်းဆောင်ရွက်ရန် (၁၅.၅.၂၀၁၈) ရက်နေ့တွင် MoU လက်မှတ်ရေးထိုးထားပါသည်။

## ပွင့်သစ်စအစီရင်ခံစာ

မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု မြှင့်တင်ရေးအတွက် မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုအဖွဲ့အစည်း (MCRB) မှ ထုတ်ပြန်သော ပွင့်သစ်စစီမံချက် ၂၀၁၈ ခုနှစ် အစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ ကုမ္ပဏီလုပ်ငန်းစုများ၏ ပွင့်လင်းမြင်သာမှု Transparency အရှိဆုံးအဆင့် အတန်းသတ်မှတ်ဖော်ပြရာတွင် MAPCO မှ အဆင့်(၁၆) ရရှိခဲ့ပါသည်။ MAPCO အနေဖြင့် ၂၀၁၆ ပွင့်သစ်စ အစီရင်ခံစာတွင် အဆင့်(၁၇) ရရှိခဲ့ပြီး ယခုအဆင့် (၁၆)သို့ တိုးတက်လာပါသဖြင့် ရှေ့ဆက်လက်ပြီး စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ပြီး ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာတင်ပြအပ်ပါသည်။

| Rank 2018 | Rank 2016 | Company Name | Type | Website |
|---|---|---|---|---|
| 1 | 1 | FIRST MYANMAR INVESTMENT (FMI) | PL | www.fmi.com.mm |
| 2 | 8 | CITY MART HOLDING CO LTD. | PR | www.cmhl.com.mm |
| 3 | 2 | SERGE PUN & ASSOCIATES (SPA) | PR | www.spa-myanmar.com |
| 4 | 6 | AYA BANK | PR | www.ayabank.com |
| 5 | 3 | MAX MYANMAR GROUP | PR | www.maxmyanmargroup.com |
| 6 | 11 | SHWE TAUNG GROUP | PR | www.shwetaunggroup.com |
| 7 | 10 | DAGON GROUP | PR | www.dagon-group.com |
| 7 | - | GRAND GUARDIAN INSURANCE | P | www.ggipinsurance.com |
| 9 | 18 | MYANMAR THILAWA SEZ HOLDINGS | PL | www.mtshmyanmar.com |
| 10 | 7 | KBZ GROUP | PR | www.kbzgroup.com.mm |
| 11 | 34 | MYANMAR AWBA | PR | www.awba-group.com |
| 12 | - | IRRAWADDY GREEN TOWERS | PR | www.igt.com.mm |
| 12 | 13 | GREAT HOR KHAM | P | www.greathorkham.com |
| 14 | 9 | PARAMI ENERGY GROUP | PR | www.parami.com |
| 15 | 4 | SMART TECHNICAL SERVICES | PR | www.smart-technical.com |
| 16 | 5 | MPRL E&P GROUP | PR | www.mprlexp.com |
| 16 | 17 | MYANMAR AGRIBUSINESS PUBLIC CORPORATION (MAPCO) | P | www.mapco.com.mm |
| 18 | 27 | MYANMAR CITIZENS BANK | PL | www.mcb.com.mm |
| 18 | - | TMH TELECOM PUBLIC COMPANY | PL | www.tmhtelecom.com |
| 18 | - | CB BANK | PR | www.cbbank.com.mm |



## လျှပ်စစ်ဓါတ်အား ရောင်းချရေး

MAPCO Golden Lace (ကျိုက်လတ်)မှ ထုတ်လုပ်သော လျှပ်စစ်ဓါတ်အားများမှ ပိုနေသည့် လျှပ်စစ်ဓါတ်အားများကို မဟာဓါတ်အားလိုင်းအတွင်းသို့ ထည့်သွင်းရောင်းချနိုင်ခွင့် ရရှိရေးကိစ္စကို လျှပ်စစ်၊ စွမ်းအင်၊ စည်ပင်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

## MAPCO, Sembcorp and City Mart တို့ပူးပေါင်းပြီး နိုင်ငံတကာ အဆင့်မီစက်မှုဇုန်ဖော်ဆောင်ရေးစတင်လေ့လာ

MAPCO, Sembcorp (စင်္ကာပူ) နှင့်City Mart Holding Co.,Ltd တို့သည် လှည်းကူးမြို့နယ်၊ ပိုက်ကြီးဝဲနှင့် ကျွန်းကုန်းကျေးရွာ အရှေ့ဖက်ရှိ နိုင်ငံတော်ပိုင်မြေလွတ်များတွင် နိုင်ငံတကာအဆင့်မီစိုက်ပျိုးရေး အခြေခံစက်မှုစီးပွားရေး ဇုန်ဖော်ဆောင်ရေးအတွက် စက်မှုဇုန်အကြိုမြေပြင်ဆင်း လေ့လာမှုများဆောင်ရွက်လျက်ရှိပါသည်။ ၎င်းလုပ်ငန်းများအတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တွေ့ဆုံခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးအရ အခွင့်အလမ်းများရှိနိုင်ချေရှိမရှိနှင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းကို ပူးပေါင်းလေ့လာနေသည့် အခြေအနေ ဖြစ်ပါသည်။

တွံတေး IRCP တွင် လစ်လပ်နေသည့် မြေ (၈ဧက) တွင် Bejing Kangdibio အဖွဲ့နှင့် မျိုးစေ့ထုတ် စမ်းသပ်စိုက်ခင်းများ၊ ကောင်းမျိုးသန့်ထုတ်လုပ်ခြင်း များပြုလုပ်ရန် MOU ရေးထိုးပြီး ဖြစ်ပါသည်။ ယခုနှစ် ဇူလိုင်လအတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။



## AFC ကုမ္ပဏီ၊ ဓါတ်မြေသြဇာစက်ရုံကို အောက်တိုဘာလအတွင်း ဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန်တွင် MAPCO မှ ပါဝင်ရင်းနှီးမြှုပ်နှံထားသော Agri First ကုမ္ပဏီ၏ ဓါတ်မြေသြဇာစက်ရုံကို လာမည့်အောက်တိုဘာလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အဆိုပါစက်ရုံတွင်ဂျာမနီနည်းပညာဖြင့် ရွှေအိုးစည် အမှတ်တံဆိပ်၊ ကူဂျာကူအမှတ်တံဆိပ်စသည့် ဓါတ်မြေသြဇာများကို ပေါင်းစပ်ပြုပြင်ထုတ်လုပ်သွားမည်ဖြစ်ပါသည်။ ၂.၅.၂၀၁၈ ရက်နေ့တွင် အုပ်ချုပ်မှုဒါရိုက်တာမှ အဆိုပါစက်ရုံ တည်ဆောက်ပြီးစီးမှုကို သွားရောက်စစ်ဆေးခဲ့ပါသည်။






## MAPCO-CITIC စီမံကိန်း

တောင်သူလယ်သမားများအတွက် ကောင်းမွန်ထိရောက်စွာဝန်ဆောင်မှုပေးနိုင်မည့် လုပ်ငန်းများပါဝင်သော လယ်ယာစီးပွားရေးဝန်ဆောင်မှုစင်တာစီမံကိန်းကို မြန်မာနိုင်ငံအတွင်း ပြည်နယ်/တိုင်းဒေသကြီး(၉)ခုရှိ မြို့နယ်(၃၃) မြို့နယ်တွင် အကောင်အထည်ဖော်ရန်အတွက် CITIC ကုမ္ပဏီ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် MAPCO တို့ပူးပေါင်း ဆောင်ရွက်ရန် ၂၁.၇.၂၀၁၇ တွင် MOU ရေးထိုးထားပြီးဖြစ်ပါသည်။ ယခုအခါ Feasibility Study ပြီးစီးပြီဖြစ်ပါသည်။ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး တရုတ်နိုင်ငံမှ သက်သာသောအတိုးနှုန်းဖြင့် ကာလရှည် ချေးငွေရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## YOMA/FMI အဖွဲ့မှ မအူပင်စက်ရုံအား ငှားရမ်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေး


မအူပင်စက်ရုံအား ငှားရမ်းရန် YOMA/FMI အဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။ အဆိုပါ အဖွဲ့အနေဖြင့် မအူပင်စက်ရုံသို့ (၁၄.၃.၁၈)ရက်နေ့တွင် မြေပြင်ကွင်းဆင်းသွားရောက်တိုင်းတာ စစ်ဆေးခြင်း၊ အဆောက်အဦများ စစ်ဆေးခြင်း၊ ပတ်ဝန်းကျင်အခြေအနေ၊ လျှပ်စစ်မီးရရှိမှုအခြေအနေတို့အား သွားရောက်လေ့လာခဲ့ပါသည်။ မအူပင်စက်ရုံ နေရာတစ်ချို့ (၂၅ ဧက)ကို YOMA/FMI အဖွဲ့အား နှစ်ရှည်ငှားရမ်းရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတွင် ပါဝင်သည့် တွံတေး၊ သုံးခွ၊ ကော့မှူး၊ ခနောင်တို၊ သီလဝါစီမံကိန်းများနှင့်ပတ်သက်၍ ရန်ကုန်တိုင်းလွှတ်တော်ရုံးတွင် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီဥက္ကဋ္ဌ ဒေါ်စန္ဒာမင်းနှင့်လွှတ်တော်ကိုယ်စားလှယ်များအား ဧပြီလအတွင်း MAPCO မှ သွားရောက်ရှင်းလင်းတင်ပြခဲ့ပါသည်။

## Mitsui ကုမ္ပဏီနှင့် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဆွေးနွေးခြင်း

တွံတေး IRCP စီမံကိန်းနှင့်ပတ်သက်ပြီး share များလွှဲပြောင်းရန်ကိစ္စများကို Mitsui ကုမ္ပဏီနှင့် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အုပ်ချုပ်မှုဒါရိုက်တာမှ ဆွေးနွေးခဲ့ပါသည်။ Mitsui ကုမ္ပဏီအနေဖြင့် MAPCO နှင့်ပူးပေါင်း၍ ဓါတ်မြေဩဇာ လုပ်ငန်းကိုသာ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ဆန်စပါးလုပ်ငန်းကို လတ်တလောလုပ်ကိုင်ရန် အစီအစဉ်မရှိသောကြောင့် တွံတေးစီမံကိန်းတွင် Mitsui မပါဝင်ဆောင်ရွက်တော့မည်မဟုတ်ပါ။ တွံတေး IRCP စီမံကိန်းကို စိတ်ဝင်စားသော အခြား အဖွဲ့များနှင့်ဆက်လက်လုပ်ကိုင်ရန်လည်းဆွေးနွေးလျက်ရှိပါသည်။ တည်ဆောက်ရေးလုပ်ငန်းများလည်း MAPCO ၏ အစီအစဉ်ဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။





## စပါးခွံမှ လျှပ်စစ်ဓါတ်အား(၁.၆)MW ထုတ်လုပ်မည့်စီမံကိန်း

ဂျပန်နိုင်ငံ Fujita Co.,Ltd နှင့် ပူးပေါင်းတည်ထောင်ထားသော Myaung Mya FM Biomass Power Co.,Ltd အနေဖြင့် ဧရာဝတီတိုင်း၊ မြောင်းမြမြို့နယ်တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။




## အစုရှယ်ယာထည့်ဝင်ရန် စီစဉ်မှုအတွက် MSEC , SECM တို့နှင့် ဆွေးနွေးခြင်း

MAPCO အနေဖြင့် Capital 16.24 ဘီလီယံ တိုးရန်အတွက် Existing Shareholder များကို အစုရှယ်ယာ ရောင်းချရာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအထိ 6.76 ဘီလီယံရောင်းချခဲ့ပြီး ကျန်ရှိနေသော 9.48 ဘီလီယံကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လအထိ Existing Shareholder များသို့ရောင်းချမည်ဖြစ်ပြီး သက်မှတ်ကာလကျော်လွန်ပါက New Shareholder များကို တိုက်ရိုက်ရောင်းချခြင်း Existing Shareholder များမှတဆင့် လွှဲပြောင်းရောင်းချခြင်းကိစ္စများကို MSEC,SECM တို့နှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။